**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**(ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ နည်းဥပဒေများ)**

**အမိန့်ကြော်ငြာစာအမှတ် ၈၁/၂၀၁၇**

**၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်**

**(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၀ (က) အရ အပ်နှင်းသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူ ညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ နည်းဥပဒေများ** ဟုခေါ်တွင် စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာ ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင်အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

(က) **ဥပဒေ** ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းဆိုင်ရာဥပဒေကို ဆိုသည်၊

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကိုဆိုသည်၊

(ဂ) **ကျင့်ဝတ်ဆိုင်ရာလုပ်ငန်းအဖွဲ့** ဆိုသည်မှာ လှူဒါန်းသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခြင်း၊ အစားထိုးကုသခြင်းနှင့် စပ်လျဉ်း၍ ခွင့်ပြုရန်သင့်/မသင့် ကျင့်ဝတ်ဆိုင်ရာကိစ္စများကို ကြီးကြပ်ဆုံးဖြတ် နိုင်ရန် ကော်မတီက ဖွဲ့စည်းသည့် အဖွဲ့ကိုဆိုသည်၊

(ဃ) **ကုသရေးဌာန** ဆိုသည်မှာ ပျက်စီးဆုံးရှုံးသွားသော ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို ကိုယ်အင်္ဂါ အစိတ်အပိုင်းလှူဒါန်းသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းဖြင့် အစားထိုးရန် ခွဲစိတ်ခြင်းဖြင့်သော်လည်း ကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ကုသခြင်းပြုရန် ဝန်ကြီးဌာနက ခွင့်ပြုထား သည့်ဆေးရုံ သို့မဟုတ် ဆေးကုဌာန တစ်ခုခုကိုဆိုသည်၊

(င) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများအရ သတ်မှတ်သည့်ပုံစံကိုဆိုသည်။

**အခန်း (၂)**

**လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်း**

Myanmar Law Information System (MLIS)

၃။ ကော်မတီသည်-

(က) လှူဒါန်းသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းကိုထုတ်ယူခြင်း၊ အစားထိုးကုသခြင်းနှင့် စပ်လျဉ်း၍ ကျင့် ဝတ်ဆိုင်ရာ ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်နိုင်ရန် ကျင့်ဝတ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ကိုဖွဲ့စည်းရမည်၊

(ခ) ယင်းသို့ဖွဲ့စည်းရာတွင် ကျင့်ဝတ်ဆိုင်ရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းမည့် သက်ဆိုင်ရာ ဆေးရုံမှ ဆေးရုံ အုပ်ကြီးကို အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ဆေးကုဌာနတာဝန်ခံအုပ်ချုပ်သူ၊ ပုဂ္ဂလိကဆေးရုံ ဖြစ်ပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၊ အစားထိုးကုသမှုဆိုင်ရာ နည်းပညာ ကျွမ်းကျင်သူများ၊ အငြိမ်းစားဆေးပညာရှင်များ၊ ဥပဒေပညာရှင်များ၊ ရပ်မိရပ်ဖများ၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို အဖွဲ့ဝင်အဖြစ်လည်းကောင်းပါဝင်စေရမည်၊

(ဂ) နည်းဥပဒေခွဲ (ခ) အရ ဖွဲ့စည်းထားသော ကျင့်ဝတ်ဆိုင်ရာလုပ်ငန်းအဖွဲ့ကို လိုအပ်သလိုပြင်ဆင်ဖွဲ့ စည်းနိုင်သည်။

၄။ ကော်မတီသည် ဥပဒေပုဒ်မ ၁၂ အရ အရည်အသွေးစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရာ၌ လက်ခံရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဆေးပညာရှင်အနည်းဆုံး (၁) ဦးကို ထည့်သွင်းဖွဲ့စည်းရမည်။

## အခန်း (၃)

## ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းနှင့် အစားထိုးကုသခြင်း ကျင့်ဝတ်ဆိုင်ရာများ

၅။ ကျင့်ဝတ်ဆိုင်ရာလုပ်ငန်းအဖွဲ့သည် သေဆုံးပြီးသူထံမှ လှူဒါန်းသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများနှင့် စပ်လျဉ်း၍ ကော်မတီက သတ်မှတ်သည့်အချက်များနှင့် အညီ-

(က) လှူဒါန်းသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ထုတ်ယူခွင့်ပြုရန် သင့်/မသင့် ဆုံးဖြတ်ရမည်၊

(ခ) အစားထိုးကုသခွင့်ပြုရန် သင့်၊ မသင့် ဆုံးဖြတ်ရမည်၊

(ဂ) ထုတ်ယူရန်၊ အစားထိုးကုသခွင့်ပြုရန် ဆုံးဖြတ်ပါက သက်ဆိုင်ရာသို့ အကြောင်းကြား၍ မှတ်ပုံတင် စာအုပ်တွင် စာရင်းရေးသွင်းရမည်၊

(ဃ) ထုတ်ယူရန်၊ အစားထိုးကုသခွင့်ပြုရန် မသင့်ကြောင်းဆုံးဖြတ်ပါကမှတ်ပုံတင် စာအုပ်တွင် စာရင်း ရေးသွင်းပြီး ကျိုးကြောင်းဖော်ပြ၍ သက်ဆိုင်ရာသို့ ပြန်ကြားရမည်၊

(င) လက်ခံရေးဌာနရှိ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ကုသရေးဌာနသို့မဟုတ် အခြားလက်ခံရေးဌာန တစ်ခုက လိုအပ်၍ အသုံးပြုရန် တောင်းခံလာခြင်းများကို ကြီးကြပ်စိစစ်ပေးရမည်။

၆။ ကျင့်ဝတ်ဆိုင်ရာလုပ်ငန်းအဖွဲ့သည် သက်ရှိပုဂ္ဂိုလ်က လှူဒါန်းသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို ထုတ်ယူခြင်း၊ အစားထိုးကုသခြင်းနှင့် စပ်လျဉ်း၍ ခွင့်ပြုရန် သင့်၊ မသင့် စိစစ်ပြီး သဘောထားမှတ် ချက်ဖြင့် ကော်မတီထံသို့ ဆောလျင်စွာတင်ပြရမည်။

၇။ သက်ရှိပုဂ္ဂိုလ်ကလှူဒါန်းသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများနှင့် စပ်လျဉ်း၍ ကော်မတီ၏ အတည်ပြု ချက်ရရှိပါက ကျင့်ဝတ်ဆိုင်ရာလုပ်ငန်းအဖွဲ့သည်-

Myanmar Law Information System (MLIS)

(က) ထုတ်ယူရန်၊ အစားထိုးကုသခွင့်ပြုရန်ဆုံးဖြတ်ပါက သက်ဆိုင်ရာသို့ အကြောင်းကြား၍ မှတ်ပုံတင်စာအုပ်တွင်စာရင်းရေးသွင်းရမည်၊

(ခ) ထုတ်ယူရန်၊ အစားထိုးကုသခွင့်ပြုရန် မသင့်ကြောင်းဆုံးဖြတ်ပါက မှတ်ပုံတင်စာအုပ်တွင် စာရင်းရေးသွင်းပြီးကျိုးကြောင်းဖော်ပြ၍ သက်ဆိုင်ရာသို့ ပြန်ကြားရမည်။

## အခန်း (၄)
## ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်း

၈။ ဝန်ကြီးဌာနသည် ကော်မတီ၏ ညွှန်ကြားချက်နှင့် အညီ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စု နယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများတွင် လက်ခံရေးဌာနများကိုသတ်မှတ်ပေးရမည်။

၉။ ဝန်ကြီးဌာနသည် ကိုယ်အင်္ဂါအစိတ်အပိုင်းအရည်အသွေး စစ်ဆေးလက်ခံခြင်း၊ သိုလှောင်ခြင်းနှင့် ယင်းကိုယ်အင်္ဂါအစိတ်အပိုင်းကိုထုတ်ပေးခြင်းတို့ ဆောင်ရွက်နိုင်မှုကို အခြေခံ၍ လက်ခံရေးဌာနများကို ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုချင်းကိုသာ လက်ခံရန်ဖြစ်စေ၊ ကိုယ်အင်္ဂါအစိတ်အပိုင်းများကို စုပေါင်း လက်ခံရန်ဖြစ်စေ သတ်မှတ်နိုင်သည်။

၁၀။ လက်ခံရေးဌာနများသည် ကိုယ်အင်္ဂါအစိတ်အပိုင်းများ လက်ခံခြင်းပြုလုပ်ရာတွင်-

(က) ကာယကံရှင်မှဖြစ်စေ၊ ကျန်ရစ်သူမိသားစုမှဖြစ်စေ တင်ပြသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းထားကြောင်းသဘောတူညီသည့် အထောက်အထားသို့မဟုတ် အသိအမှတ်ပြုလွှာကိုစိစစ်ရမည်၊

(ခ) အရည်အသွေးစစ်ဆေးရေးအဖွဲ့က အရည်အသွေးပြည့်မီကြောင်း အသိအမှတ်ပြုသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို လက်ခံရမည်၊

(ဂ) အရည်အသွေးစစ်ဆေးရေးအဖွဲ့က စစ်ဆေးထားသော ကိုယ်အင်္ဂါအစိတ်အပိုင်းဆိုင်ရာစိစစ်တွေ့ရှိ ချက်များကို မှတ်ပုံတင်စာရင်းတွင် ပြည့်စုံစွာရေးသွင်းမှတ်တမ်းတင်ရမည်။

၁၁။ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူသည် သက်ဆိုင်ရာလက်ခံရေးဌာနသို့ ဆက်သွယ်လှူဒါန်းရာ တွင် (ပုံစံ-၁) ဖြင့် လျှောက်ထားလှူဒါန်းရမည်။

## အခန်း (၅)
## ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခြင်း

၁၂။ ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခွင့်ရှိသူသည် ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းကို သတ်မှတ်ချက်များနှင့် အညီ အချိန်နှောင့်နှေးခြင်းမရှိဘဲ ထုတ်ယူခွင့်ရှိသည်။

၁၃။ ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခွင့်ရှိသူသည် ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူထံမှ ကိုယ်အင်္ဂါ အစိတ်အပိုင်းထုတ်ယူရာ၌ အောက်ပါအချက်များကို လိုက်နာရမည်-

Myanmar Law Information System (MLIS)

(က) လှူဒါန်းသူသည် အသက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ စောင့်စည်းလိုက်နာရမည့် အချက် အလက်များကို စောင့်စည်းထိန်းသိမ်းဆောင်ရွက်ပေးရမည်၊

(ခ) လှူဒါန်းသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ယူရာတွင် သက်ဆိုင်ရာ နည်းပညာအရလိုက်နာ ဆောင်ရွက်ရမည့် သတ်မှတ်ချက်များ၊ ရှောင်ကျဉ်ရမည့်တားမြစ်ချက်များကို စနစ်တကျ လိုက်နာဆောင် ရွက်ရမည်၊

(ဂ) သက်ရှိလှူဒါန်းသူထံမှ ထုတ်ယူခြင်းဖြစ်ပါက ကျင့်ဝတ်ဆိုင်ရာအဖွဲ့၏ ခွင့်ပြုချက်ရရှိမှသာ ထုတ်ယူရမည်၊

(ဃ) သက်ရှိလှူဒါန်းသူထံမှ ထုတ်ယူခြင်းဖြစ်ပါက လှူဒါန်းသူ၏အသက်အန္တရာယ်နှင့် ကျန်းမာ ရေးကို မထိခိုက်စေရန် အဓိကထား၍ ထုတ်ယူရမည်၊

(င) သေဆုံးပြီးသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူထံမှ ထုတ်ယူရာတွင် ဂုဏ်သိက္ခာ၊ ရုပ်ခန္ဓာ အသွင်ပြင် ပျက်ယွင်းမှုမရှိအောင် အတတ်နိုင်ဆုံး ထိန်းသိမ်းရမည်၊

(စ) ကိုယ်အင်္ဂါအစိတ်အပိုင်းရောင်းဝယ်ဖောက်ကားခြင်း၊ အဂတိလိုက်စားခြင်းများမဖြစ်ပေါ်စေရေး စနစ်တကျ ဆောင်ရွက်ရမည်။

## အခန်း (၆)
## ကိုယ်အင်္ဂါအစိတ်အပိုင်းလက်ခံခြင်း၊ သိုလှောင်ခြင်းနှင့် ထုတ်ပေးခြင်း

၁၄။ လက်ခံရေးဌာနသည်-

(က) ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူများအား အသိအမှတ်ပြုလွှာ (ပုံစံ-၂) ပေးအပ်ရမည်၊

(ခ) ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူများကို (ပုံစံ - ၃ )ဖြင့် မှတ်ပုံတင်စာရင်း ရေးသွင်းရမည်။

၁၅။ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းသူသည် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပေးရန် မိမိစာရင်း ပေးထား သည့် လက်ခံရေးဌာနသို့ လှူဒါန်းသူကိုယ်တိုင် (ပုံစံ - ၄) ဖြင့် အကြောင်းကြားရမည်။

၁၆။ လက်ခံရေးဌာနတစ်ခုသည် မိမိထံတွင် မှတ်ပုံတင်လှူဒါန်းထားသော ကိုယ်အင်္ဂါအစိတ်အပိုင်းတစ် ခုခုကို အခြားလက်ခံရေးဌာနသို့ သက်ဆိုင်ရာကျင့်ဝတ်လုပ်ငန်းအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လွှဲပြောင်းပေး နိုင်သည်။

၁၇။ ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းရန် ကြိုတင်ဆန္ဒပြုလုပ်ထားခြင်း မရှိသူတစ်ဦး သေဆုံးပါက ကျန်ရစ်သူ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ မိဘ၊ ညီအစ်ကို မောင်နှမများကဖြစ်စေ၊ ယင်းတို့ တစ်ဦးတစ် ယောက်မျှမရှိပါက ဆွေမျိုးသားချင်းတစ်ဦးဦးက ဖြစ်စေ (ပုံစံ-၅) ဖြင့် ခွင့်ပြုလျှင် သေသူ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကိုလက်ခံနိုင်သည်။

၁၈။ ကိုယ်အင်္ဂါအစိတ်အပိုင်းထုတ်ယူခွင့်ရှိသူသည် လှူဒါန်းသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းကိုထုတ်ယူ ပြီးပါက လက်ခံရေးဌာနသို့ (ပုံစံ - ၆ ) ဖြင့် အချိန်မီ လွှဲပြောင်းပေးပို့ရမည်။

၁၉။ လက်ခံရေးဌာနများသည် ကိုယ်အင်္ဂါအစိတ်အပိုင်းများ သိုလှောင်ခြင်းပြုလုပ်ရာတွင် အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) ကိုယ်အင်္ဂါအစိတ်အပိုင်းအလိုက် ထိခိုက်ပျက်စီးမှုမရှိစေရန် စံချိန်စံညွှန်းကိုက်ညီစွာ သတ်မှတ် ချက်များနှင့် အညီ စနစ်တကျ ထိန်းသိမ်းသိုလှောင်ထားရှိရမည်၊

Myanmar Law Information System (MLIS)

(ခ) သိုလှောင်ထိန်းသိမ်းထားသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သတ်မှတ်အချိန်ကာလအတွင်း အသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ထားရှိရမည်၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်းအလိုက် သိုလှောင်ထားရှိရမည့် ကာလထက်ကျော်လွန်လျှင် စနစ်တကျစွန့် ပစ်ရမည်။

၂၀။ လက်ခံရေးဌာနများသည် ကိုယ်အင်္ဂါအစိတ်အပိုင်းများထုတ်ပေးခြင်းပြုလုပ်ရာတွင် အောက်ပါ အတိုင်းလိုက်နာဆောင်ရွက်ရမည်-

(က) ဥပဒေပုဒ်မ ၁၅ အရ ကုသရေးဌာနမှ တာဝန်ရှိသူက ကျင့်ဝတ်ဆိုင်ရာ အဖွဲ့၏ ခွင့်ပြုချက်နှင့် အညီ တောင်းခံလာသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို တောင်းခံလာသောအချက်အလက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို သေချာစွာစစ်ဆေးပြီးမှ ထုတ်ပေးရမည်၊

(ခ) အစားထိုးကုသမှုပြုလုပ်မည့် ကုသရေးဌာနများသို့ အချိန်မီထုတ်ပေးနိုင်ရေး ဆောင်ရွက်ရမည်၊

(ဂ) အရည်အသွေးမပြည့်မီသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို သုတေသနပြုလုပ်ရန်နှင့် ပညာ သင်ကြားရေးတွင် အသုံးပြုရန်စနစ်တကျ လွှဲပြောင်းပေးရမည်၊

(ဃ) လက်ခံရေးဌာနနှင့် ကုသရေးဌာန အကွာအဝေး၊ ပို့ဆောင်မှုနည်းလမ်း၊ ဆေးပညာဆိုင်ရာ အရေးပေါ်ဖြစ်မှု၊ အစားထိုးကုသခံယူရမည့် စောင့်ဆိုင်းစာရင်းစသည့် အချက်များကို ထည့်သွင်းစဉ်းစား ၍ လိုအပ်သလို ထုတ်ပေးရမည်။

(င) ထုတ်ပေးပြီးသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို အစားထိုးကုသခြင်းနှင့် စပ်လျဉ်း၍ သတင်းအ ချက်အလက်များကို ပြန်လည်ရယူမှတ်တမ်းတင်ထားရမည်၊

(စ) ကိုယ်အင်္ဂါအစိတ်အပိုင်းရောင်းဝယ်ဖောက်ကားခြင်း၊ အဂတိလိုက်စားခြင်းများမဖြစ်ပေါ်စေရေး စနစ်တကျဆောင်ရွက်ရမည်။

၂၁။ ကုသရေးဌာနမှ တာဝန်ရှိသူက အစားထိုးကုသရန်လိုအပ်သည့် ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုကို တောင်းခံရာတွင်-

(က) (ပုံစံ-၇) ဖြင့် သက်ဆိုင်ရာလက်ခံရေးဌာနသို့ ပေးပို့၍ မှတ်ပုံတင်စာအုပ်တွင် စာရင်းရေး သွင်းရမည်၊

(ခ) (ပုံစံ-၇) မိတ္တူကို လက်ခံမှတ်တမ်းထားရှိရမည်။

၂၂။ နည်းဥပဒေ ၂၁ အရ တောင်းခံလာပါက လက်ခံရေးဌာနသည်-

(က) (ပုံစံ-၇) ကိုသိမ်းဆည်းမှတ်တမ်းထားရှိရမည်၊

(ခ) (ပုံစံ-၈) တွင် ဖြည့်စွက်လျက် ယင်း (ပုံစံ-၈) နှင့်အတူ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ထုတ်ပေး၍ မှတ်ပုံတင်စာအုပ် (ပုံစံ-၉) တွင် စာရင်းရေးသွင်းရမည်။

၂၃။ လက်ခံရေးဌာနတစ်ခုသည် လိုအပ်ပါက ကော်မတီ သို့မဟုတ် ကျင့်ဝတ်ဆိုင်ရာလုပ်ငန်းအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကိုယ်အင်္ဂါအစိတ်အပိုင်းကို အခြားလက်ခံရေးဌာနတစ်ခုမှ (ပုံစံ-၁၀) ဖြင့် တောင်းခံ လာပါက (ပုံစံ-၁၁) ဖြင့် လွှဲပြောင်းပေးခွင့်ရှိသည်။

**အခန်း (၇)**

Myanmar Law Information System (MLIS)

**အလှူငွေ၊ ပစ္စည်းနှင့် အကူအညီများ ရယူထိန်းသိမ်းစီမံခန့်ခွဲခြင်း**

၂၄။ ကော်မတီသည် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရအဖွဲ့မဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ကုမ္ပဏီများက ပေးအပ် သော ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းနှင့် အစားထိုးကုသခြင်းတို့နှင့် သက်ဆိုင်သည့် အကူအညီကို လည်းကောင်း၊ အလှူငွေနှင့် ပစ္စည်းများကိုလည်းကောင်း လက်ခံစီမံခန့်ခွဲခွင့်ရှိသည်။

၂၅။ နည်းဥပဒေ ၂၄ အရ လက်ခံရရှိသောအလှူငွေနှင့် ပစ္စည်းများကို ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်း ခြင်းနှင့် အစားထိုးကုသခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအတွက် ခွဲဝေသုံးစွဲခွင့်ရှိသည်။

၂၆။ နည်းဥပဒေ ၂၄ အရ လက်ခံရရှိသော-

(က) ပစ္စည်း အမျိုးအစားများအလိုက် စာရင်းဖွင့်လှစ်၍ မှတ်တမ်းထားရှိရမည်၊

(ခ) ခွဲဝေသုံးစွဲမှုများကို စာရင်းစစ်ခံနိုင်ရေး ဆောင်ရွက်ထားရှိရမည်။

၂၇။ ကော်မတီသည် နည်းဥပဒ ၂၄ အရ လက်ခံရရှိသောအလှူငွေများကို-

(က) ကိုယ်အင်္ဂါအစိတ်အပိုင်းလှူဒါန်းခြင်းနှင့် အစားထိုးကုသခြင်းများဆိုင်ရာ ရန်ပုံငွေအဖြစ် မြန်မာ့ စီးပွားရေးဘဏ်တွင်စာရင်းဖွင့်လှစ်ထားရှိနိုင်သည်၊

(ခ) စီမံခန့်ခွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး

Myanmar Law Information System (MLIS)